မြန်မာနိုင်ငံသားများဘဏ်
MCB
Myanmar Citizens Bank

+951 255 883,885
info@mcb.com.mm
www.mcb.com.mm

# မြန်မာနိုင်ငံသားများဘဏ် နှင့် Samsung Myanmar တို့ မိုဘိုင်းဖုန်းအရစ်ကျစနစ်ဖြင့် ရောင်းချရေး နားလည်မှုစာချုပ် ချုပ်ဆိုခြင်း

မြန်မာနိုင်ငံသားများဘဏ် နှင့် Samsung Myanmar တို့ လက်တွဲလျှက် Samsung မိုဘိုင်းဖုန်းများကို ပြည်သူများအားလုံး ပိုမိုလွယ်ကူစွာ နှင့် တွင်ကျယ်စွာအသုံးပြုနိုင်ရန်အတွက် အရစ်ကျပေးချေစနစ်ဖြင့်ရောင်းချ နိုင်ရန် နားလည်မှုစာချုပ်ကို ၂၀၁၈ ခုနှစ် ၊ မတ်လ (၆) ရက်တွင်ချုပ်ဆိုခဲ့ပြီး ဖြစ်ကြောင်း အစုရှယ်ယာရှင်များအား သိရှိနိုင်ရန် အသိပေးကြေငြာအပ်ပါသည်။ မြန်မာနိုင်ငံသားများဘဏ်ကို ၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး (၂၅)နှစ်ကျော်တိုင်အောင် ပြည်သူများအား ဘဏ်လုပ်ငန်းဝန်ဆောင်မှု ပေးလျှက်ရှိပြီး၊ ရန်ကုန်စတော့အိပ်ချိန်း YSX တွင် ပထမဆုံးစာရင်းဝင်သည့် Listed Bank တစ်ခုလည်း ဖြစ်ပါသည်။ Samsung Myanmar နှင့် လက်တွဲ၍ မြန်မာနိုင်ငံအတွင်း မိုဘိုင်းဖုန်းများအား ပြည်သူများ ပိုမိုလွယ်ကူစွာ ဝယ်ယူသုံးစွဲနိုင်အောင် ဝန်ဆောင်မှုပေးမည့် အစီအစဉ်အပြင် ယခုကဲ့သို့ဈေးကွက်အတွင်း အမှန်တကယ်လိုအပ်လျှက်ရှိသည့် Consumer Electronics များ အားလည်း ထပ်မံအရစ်ကျဝန်ဆောင်မှုပေးနိုင်ရန် ပြင်ဆင်လျှက်ရှိပါသည်။

မြန်မာနိုင်ငံသားများဘဏ်အနေဖြင့် ဘဏ်အားပိုမိုတိုးတက်ပြောင်းလဲစေရန်နှင့် ဈေးကွက်အတွင်းပိုမို နေရာယူနိုင်လာရန်အတွက် လက်ရှိပြုပြင်ပြောင်းလဲမှုခရီးစဉ်တွင် ယခုကဲ့သို့ strategic partner များဖြင့် လက်တွဲ၍ retail market အပြင် မြန်မာ့စီးပွားရေးတိုးတက်ခိုင်မာရန် အခြေခံကျသည့်အသေးစားနှင့် အလတ်စားလုပ်ငန်းများ အားလည်းပိုမို တွင်ကျယ်လာစေရန်အတွက်လည်း ဦးစားပေးဆောင်ရွက်သွားမည် ဖြစ်ပါသည်။ လက်ရှိမြန်မာနိုင်ငံ ၏ retail lending တွင် စိန်ခေါ်မှုများစွာရှိနေသေးသော်လည်း MCB အနေဖြင့် Samsung Myanmar နှင့် ပူးပေါင်း၍ နည်းပညာနှင့်ဘဏ်လုပ်ငန်း အတွေ့အကြုံများပေါင်းစပ်ပြီး ဘဏ်လုပ်ငန်းစဉ်များအား အရစ်ကဈေးငွေ နှင့် အသင့်တော်ဆုံး ဖြစ်အောင်ပြင်ဆင်ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

Samsung Myanmar နှင့် ပူးပေါင်း၍ မကြာမီအချိန်အတွင်း Samsung ဖုန်းအမျိုးမျိုးအား အသက်သာဆုံး နှင့် အကောင်းဆုံး အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်မည့်အစီအစဉ်အား ရန်ကုန် ၊ မန္တလေးနှင့် အခြားမြို့ကြီးများ ရှိ Saumsung official reseller /retailer ဆိုင်များတွင်ဝယ်ယူရရှိနိုင်စေရန် မိတ်ဆက်ပေးသွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသားများဘဏ်အနေနှင့် ကောင်းမွန်သည့် မိတ်ဖက်အဖွဲ့ အစည်းများ၊ customer များ နှင့် တည်တံ့ခိုင်မာသည့် ရင်းနှီးမှုထူထောင်ခြင်းသည် မြန်မာဈေးကွက်တွင် အောင်မြင်စေရန် အဓိကကျသည့် အချက်တစ်ခုဟု ခံယူချက် ထားပြီး ဘဏ်လုပ်ငန်းများကို ဝန်ဆောင်မှုပေးလျှက်ရှိပါသည်။

မြန်မာနိုင်ငံသားများဘဏ်လီမိတက်